ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ SSE / NM / ၃၇ / ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၃-၁၀-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ပဆ-၂/ရက(DMA) Notice (၁၀/၁၈၃)
(၂) စွမ်းအင်ဝန်ကြီးဌာန၏ ၁၇-၁၀-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ MOE-၁/၂ (လုံခြုံရေး)(၆၈၄၇)/၂၀၂၃

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ရှိ SHWE Phase 3 Development Project Area တွင် Offshore Topside Installation လုပ်ငန်းများကို Offshore Construction and Installation Vessel, HYUNDAI 2500 (Call Sign: 3FRA3) ရေယာဉ်နှင့်အတူ အထောက်အကူရေယာဉ်များဖြစ်သော LANPAN 30 (Call Sign: 9V2670) နှင့် LANPAN 34 (Call Sign: 9V2757) တို့ဖြင့် ၁၅-၁၁-၂၀၂၃ ရက်နေ့မှ ၃၀-၄-၂၀၂၄ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Offshore Topside Installation လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကိုဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 41′ 48.39″ N | 092° 30′ 48.18″ E |
| B | 19° 41′ 48.92″ N | 092° 34′ 14.27″ E |
| C | 19° 38′ 33.72″ N | 092° 34′ 14.79″ E |
| D | 19° 38′ 33.20″ N | 092° 30′ 48.76″ E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ရှိ SHWE Phase 3 Development Project Area တွင် Offshore Topside Installation လုပ်ငန်းများကို Offshore Construction and Installation Vessel, HYUNDAI 2500 (Call Sign: 3FRA3) ရေယာဉ်နှင့်အတူ အထောက်အကူရေယာဉ် (၂) စီးတို့ဖြင့် ၁၅-၁၁-၂၀၂၃ ရက်နေ့မှ ၃၀-၄-၂၀၂၄ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ

ရေယာဉ်အကျယ်အဝန်းများမှ (၄) ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)